**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ဗဟိုပစ္စည်းထိန်းဌာန**

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိဌာနများတွင်အသုံးပြုရန်လိုအပ်သောရုံးသုံးစာရေးကိရိယာပစ္စည်းများကို ဝယ်ယူရေးကိစ္စ အတွက် အိတ်ဖွင့် တင်ဒါ တင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။ အဆိုပြုဈေးနှုန်းတွင် With Holding Tax 2% & Commercial Tax 5% အပါအဝင်ဖြစ်ရန် နှင့် စာချုပ်တံဆိပ် ခေါင်းခွန်အတွက်ကုမ္ပဏီမှကျခံ ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ အထက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက်ပေးပို့ရမည် ဖြစ်ပါသည်။

၂။ တင်ဒါတင်သွင်းရာတွင် အခွန်ဦးစီးဌာနမှ သက်ဆိုင်ရာ စည်းကြပ်နှစ် အလိုက် ထုတ်ပေးသည့် အခွန် ကင်းရှင်းကြောင်း ထောက်ခံချက်(မိတ္တူ)၊တင်ဒါစပေါ်ငွေပေးသွင်းပြေစာ(မိတ္တူ)၊ကုမ္ပဏီ/အရောင်းဆိုင်၏ လိုင်စင်(မိတ္တူ)နှင့် အဆိုပြုဈေးနှုန်းတင်သွင်းမည့် ပစ္စည်း၏အမျိုးအစားတို့ကို ပြည့်စုံစွာပူးတွဲတင်ပြရမည် ဖြစ်ပါသည်။အထက်ပါ အချက်အလက်များ ပြည့်စုံစွာပူးတွဲတင်ပြထားခြင်း မရှိပါကဆိုဈေးအား လက်ခံ စဉ်းစားမည် မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းရာတွင် ငွေကျပ် ၂,၀၀၀,၀၀၀/-(ကျပ် သိန်း နှစ်ဆယ် တိတိ) ကို တင်ဒါစပေါ်ငွေအဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ၊ စာရင်းဌာနတွင် **၁၃-၅-၂၀၂၂ ရက်နေ့ ၊ (၁၅:၀၀)နာရီ နောက်ဆုံး** ပေးသွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရန်ပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင် ကျပ်၁၀,၀၀၀/- နှုန်းဖြင့် (၆-၅-၂၀၂၂)ရက်နေ့မှစ၍(၁၃-၅-၂၀၂၂)ရက်နေ့ (ရုံးဖွင့်ရက်၊ ရုံးချိန်)အတွင်း ဗဟိုပစ္စည်းထိန်းဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ဗိုလ်တထောင်ဘုရား အနောက်ဖက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး၊ ကမ်းနားလမ်း တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းရမည့်နေရာ၊ နေ့ရက်နှင့် အချိန်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါတင်သွင်းရမည့်နေရာ | - | မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၊ ပထမထပ်၊ အစည်းအဝေးခန်းမ၊ အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ ("ဥက္ကဌ၊တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်" ဟု လိပ်မူ တင်သွင်းရန် ဖြစ်သည်) |
| (ခ) | တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် | - | ၁၇-၅-၂၀၂၂ရက်နေ့၊(၁၃:၀၀နာရီ) (အဆိုပါသတ်မှတ်ချိန်ထက်ကျော်လွန်ပါကလုံးဝ လက်ခံမည်မဟုတ်ပါ) |

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**